# အမှာစာ

## ဝက်မစွတ်ဝန်ထောက်ဦးလတ်၏

## နေ့စဉ်မှတ်

ဝက်မစွတ်ဝန်ထောက်ဦးလတ်၏ နေ့စဉ်မှတ် ၂၃ မတ် ၁၈၈၆ က ၃၁ ဇန်နဝါရီ ၁၈၉၈ အထိကို လူထုဦးလှမှတဆင့် ဝက်မစွတ်ဝန်ထောက်ဦးလတ်၏မြေး ဒဂုံခင်ခင်လေးထံမှ ရရှိပါသည်။ ဝက်မစွတ်ဝန်ထောက်နေ့စဉ်မှတ် ၁၈၈၆ မှ ၁၈၈၈ ထိကို ပထမတွဲအဖြစ် ၂၀၀၅ ခုတွင် မြန်မာသမိုင်းအဖွဲ့က ထုတ်ဝေပြီးဖြစ်ပါသည်။ ဆက်လက်၍ ဝက်မစွတ်နေ့စဉ်မှတ် ၁၈၈၉ မှ ၁၈၉၃ ကို ဒုတိယတွဲအဖြစ် မြန်မာသမိုင်းအဖွဲ့က ထုတ်ဝေပါသည်။ ၁၈၈၉ မှ ၁၈၉၃ ထိ ငါးနှစ်ကာလ မန္တလေးတွင် ဗြိတိသျှအုပ်ချုပ်ရေးအခြေခိုင်မာလာပုံ၊ မန္တလေးတွင် အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်ကြသည့် မန္တလေးအရေးပိုင်နှင့်တကွ အရာရှိအမှုထမ်းများ၊ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများနှင့် ဝန်စုမှူးစုဆက်ဆံရေး၊ မိဘုရား၊ မင်းသား၊ မင်းသမီး စသည့် မင်းဆွေမင်းမျိုးတို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ဝန်စုမှူးစုနှင့် မင်းမှုထမ်းတို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ဗုဒ္ဓသာသနာ ဆက်လက်တည်တံ့နိုင်ရန် မင်းဆွေမင်းမျိုး ဝန်စုမှူးစုနှင့် မင်းမှုထမ်းတို့ ကြိုးပမ်းဆောင်ရွက်ပုံ၊ မြန်မာ့ဓလေ့ထုံးတမ်းများကို ဆက်လက်ထိန်းသိမ်းပုံ၊ ဝန်စုမှူးစုအချင်းချင်း ယှိုင်းပင်းကူညီပုံ၊ ထင်ရှားသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ ကွယ်လွန်ရက်စွဲများကို ဤနေ့စဉ်မှတ်တွင် အထင်အရှားသိရှိရမည်ဖြစ်ပါသည်။ ကိုလိုနီခေတ် မန္တလေး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေး၊ ယဉ်ကျေးမှုသမိုင်းကို တစေ့တစောင်း လေ့လာနိုင်ပါသည်။ ဤဝက်မစွတ်ဝန်ထောက် နေ့စဉ်မှတ် ဒုတိယတွဲကို ဒေါက်တာသန်းထွန်း (မြန်မာသမိုင်းအဖွဲ့ဝင်)၊ ဒေါ်အုန်းကြည် (မြန်မာသမိုင်းအဖွဲ့ဝင်) တို့က တည်းဖြတ်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကွန်ပျူတာစာမူများကို အမှားနည်းနိုင်သမျှနည်းအောင် စိစစ်ပေးသော ဒေါ်ခင်ခင်သော်(သုတေသနလက်ထောက်-၂)၊ ဒေါ်မြင့်မြင့်စန်း(သုတေသနလက်ထောက်-၂) တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနတို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

၂၅ ဇူလိုင် ၂၀၀၆ — အုန်းကြည်

# မာတိကာ

| စဉ် | | စာမျက်နှ |
|---|---|---|
| | အမှာစာ | |
| ၁။ | နိဒါန်း | ၁ |
| ၂။ | ၁ ဇာန္နာရီ ၁၈၈၉ မှ ၃၁ ဒီဇင်ဘါ ၁၈၉၃ ထိ ဝက်မစွတ်ဝန်ထောက်၏ နေ့စည်မှတ်သားချက် | ၃၁ |
| ၃။ | ရည်ညွှန်းစာစု | ၅၆၇ |
| ၄။ | အမှားပြင်ဆင်ချက် | ၅၇၁ |